AUSCO

ဩစတြေးလျားနိုင်ငံ ယဉ်ကျေးမှုနှင့် အကျွမ်းဝင် ကျင့်သားရစေခြင်းဆိုင်ရာ အစီအစဉ် သင်တန်း

# သက်ကြီး ပညာသင်ကြားရေး

ဩစတြေးလျားတွင် ပာရေးကို တစ်သက်တာလုပ်သွားရမည့် အလုပ်တစ်ခုအဖြစ် ရှုမြင်ကြပါသည်။ လူများ အသက်ကြီးလာလင့်ကစား ပညာရေးကို ဆက်လက်လိုက်စားနိုင်ကြပါသည် သို့မဟုတ် ပထမဦးဆုံးအကြိမ်အဖြစ် ကျောင်းပင်တက်နိုင်ကြပါသည်။ ကျောင်းတက်ပြီး၊ အင်္ဂလိပ်စာ ပြောဆိုရန်၊ ဖတ်တတ်ရန် နှင့် ရေးတတ်ရန် သင်ယူခြင်းမှာ အရေးကြီးပြီး၊ ၎င်းသည် ဩစတြေးလျား လူနေမှုဘဝတွင် လုံးဝဥဿုံ ပါဝင်ရေး နှင့် ဩစတြေးလျား၌ နေထိုင်ရာတွင် အဆင်ပြေသည့်စိတ်ရှိရေးတို့ကို အထောက်အကူပြုပါလိမ့်မည်။ အင်္ဂလိပ်စာ ကျွမ်းကျင်မှုသည် အလုပ်အကိုင်ရှာဖွေရရှိရန်အတွက်လည်း မရှိမနေဖြစ်ပြီးပိုမိုကောင်းမွန်သည့် အလုပ်အကိုင်ရရန် အခွင့်အရေးများနှင့်လည်း ဆက်စပ်မှုရှိပါသည်။

## အင်္ဂလိပ်စာ သင်ယူခြင်း – သက်ကြီး ပြောင်းရွှေ့အခြေချလာသူအတွက် အင်္ဂလိပ်စာ အစီအစဉ် (Adult Migrant English Program - AMEP)

ဩစတြေးလျားနိုင်ငံတော်အစိုးရက သင့်အနေနှင့် အင်္ဂလိပ်စာကို သင်ယူတတ်မြောက်ရန် AMEP အရ သင့်အား အခမဲ့ကူညီပေးပြီး ဤအခွင့်အရေးကို ရယူရန် အားပေးတိုက်တွန်းပါသည်။ သင့်ထံ၌ စုစုပေါင်း 510 နာရီအထိ အင်္ဂလိပ်စာသင်ယူပိုင်ခွင့်ရှိပါသည်။ သို့သော် သင် ဩစတြေးလျားသို့ရောက်လာပြီးနောက် ခြောက်လအတွင်း အမည်ပေးစာရင်းသွင်းရမည်ဖြစ်ပါသည် သို့မဟုတ်က သင့် ရပိုင်ခွင့်ကို ဆုံးရှုံးသွားနိုင်ဖွယ်ရှိပါသည်။ အကယ်၍သင့်ထံ ကလေးငယ်များရှိပါက၊ သင် သင်တန်းများကို တက်နေစိုက် ကျောင်းသွားအရွယ် မမီသေးသည့် ကလေးငယ်များအတွက် အခမဲ့ ကလေးထိန်းစီစဉ်ပေးနိုင်ပါသည်။ အလုပ်လုပ်နေကြသူများ၊ ကလေးငယ်များ သို့မဟုတ် အခြားမိသားစုဝင်များအား ကြည့်ရှုစောင့်ရှောက်နေကြရသူများအတွက် ပြောင်းလွယ်ပြင်လွယ် စာသင်ကြားနိုင်ရာ စိတ်ကြိုက်ရွေးချယ်နိုင်ရာ အစီအစဉ်များရှိပါသည်။ ဥပမာ ဝန်ဆောင်မှု ရကြသူများသည် အိမ်၌လည်းကောင်း၊ အိမ်အရောက်လာ၍ စာသင်ပေးသူနှင့်လည်းကောင်း၊ အချိန်ပိုင်းသင်တန်းများအရလည်းကောင်း၊ သို့မဟုတ် အလုပ်ဆင်းပြီးချိန်နောက်ပိုင်း တက်နိုင်သည့် သင်တန်းများအရလည်းကောင်း၊ လေ့လာသင်ယူနိုင်စွမ်း ရှိကောင်းရှိနိုင်ပါသည်။ နောက်ထပ် သိကောင်းစရာ အချက်အလက်များအတွက် www.education.gov.au/amep ၌ ကြည့်ပါ

## ပညာရေးဆိုင်ရာ စိတ်ကြိုက်ရွေးချယ်နိုင်ရာများ

ပညာဆက်လက်သင်ကြားလိုကြသော လူကြီးများ၌ အမျိုးစုံလင်သော စိတ်ကြိုက်ရွေးချယ်နိုင်ရာများရှိပါသည်။ ပညာသင်ရန် ငွေကြေးအထောက်အပံ့ကို ဝင်ငွေထောက်ပံ့ကြေးပုံစံဖြင့် ရကောင်းရနိုင်ပြီး၊ ၎င်းသည် သင့်ဝင်ငွေ နှင့် အခြားပိုင်ဆိုင်မှုများအပေါ် မူတည်ပါလိမ့်မည်။ ဤငွေကြေးဆိုင်ရာ အထောက်အပံ့ စီမံချက်များအကြောင်းနှင့်ပတ်သက်ပြီး နောက်ထပ် သိကောင်းစရာ အချက်အလက်များအတွက် လူသား ဝန်ဆောင်မှုများဌာန (Department of Human Services) အား ဆက်သွယ်ပါ။ သို့မဟုတ် www.humanservices.gov.au ၌ကြည့်ပါ။

### အထက်တန်းကျောင်း ပြီးဆုံးအောင်တက်ခြင်း

အကယ်၍သင်သည် အသက် 18 နှစ်အထက်ရှိပြီး အထက်တန်းကျောင်း မပြီးဆုံးသေးပါက၊ သင်သည် **"စက်မှုလက်မှု နှင့် ရှေ့ဆက်ပညာသင်ကြားရေး" (Technical and Further Education – TAFE)** ကောလိပ်များ၌ တက်ရောက်သင်ကြားနိုင်ပြီး၊ အထက်တန်းကျောင်းအဆင့်ရှိသော ပညာရေးဖြင့် တူညီမှုရှိသည့် "အောင်လက်မှတ် အဆင့် ၄" ကို အပြီးသတ်နိုင်ပါသည်။

### သက်မွေးဝမ်းကြောင်းဆိုင်ရာ ကျွမ်းကျင်မှု သို့မဟုတ် လက်မှုအတတ်ပညာ သင်ကြားခြင်း

"သက်မွေးဝမ်းကြောင်းဆိုင်ရာ ပညာရေး နှင့် လေ့ကျင့်ရေး" (Vocational Education and Training – VET) သည် လက်သမား၊ ပိုက်ပြင်၊ ဆံသ၊ ရှုခင်းသာ ဥယာဉ်ပန်းခြံ၊ စီးပွားရေး ဝန်ဆောင်မှု၊ ခရီးသွားလုပ်ငန်းလည်ရေး နှင့် ဧည့်ခံပြုစုရေး ဆိုင်ရာလုပ်ငန်းပညာကျွမ်းကျင်မှုများ အပါအဝင်ဖြစ်သော သက်မွေးဝမ်းကြောင်း၊ စက်မှုလက်မှု နှင့် စီးပွားပညာဆိုင်ရာ ကျွမ်းကျင်မှုများကို သင်ယူလိုသော ကျောင်းသူကျောင်းသားများအတွက်ဖြစ်ပါသည်။ အချို့ကျောင်းသူကျောင်းသားများသည် သက်မွေးဝမ်းကြောင်းဆိုင်ရာ လေ့ကျင့်ရေးအတွက် TAFE ကောလိပ်များကို တက်ကြပါသည်။ အထက်တန်းကျောင်း အောင်လက်မှတ်များကို ရှိထားရန်လိုအပ်ပြီး၊ စာသင်ကြေး နှင့် စာအုပ်ဖိုးများကို ပေးရပါသည်။ ကျောင်းသူကျောင်းသားများအနေနှင့် သင်တန်းကြေးများကို အစပိုင်း၌ ကာမိရန် ကျောင်းသူကျောင်းသားများအတွက် VET ချေးငွေ ကို ချေးရန် အရည်အချင်းပြည့်မီဖွယ်ရှိနိုင်မည်။ နောက်ထပ် သိကောင်းစရာ အချက်အလက်များအတွက် www.studyassist.gov.au ၌ ကြည့်ပါ။



အခြားကျောင်းသူကျောင်းသားများသည် အလုပ်သင်ခြင်း၏ အစိတ်အပိုင်းတစ်ခုအဖြစ် VET လေ့ကျင့်မှုသင်တန်းကို တက်ကြပါသည်။ အလုပ်သင်ခြင်းများ၌ လက်တွေ့အလုပ်ကို စနစ်တကျ လေ့ကျင့်မှုနှင့် ပေါင်းစပ်ထားကာ၊ သင်တန်းပြီးဆုံးသည်နှင့်တပြိုင်နက် ကျောင်းသူကျောင်းသားများသည် တစ်နိုင်ငံလုံး၌ အသိအမှတ်ပြုသည့် အရည်အချင်းကို ဆွတ်ခူးရရှိကြပါသည်။ အလုပ်သင်ခြင်း၏ အားသာချက်တစ်ခုမှာ ကျောင်းသူကျောင်းသားများ လေ့ကျင့်ရေးသင်တန်းတက်နေစဉ်အတောအတွင်း လုပ်ခရရှိနေခြင်းပင်ဖြစ်ပါသည်။ သင်တန်းကြေးများသည် သင်တန်းကျောင်းများအကြား ကွာခြားမှုများရှိပါသည်။ သင်တန်းတက်ရောက်ခွင့်ကို သင်တန်းတက်ရန် လိုအပ်သော သို့မဟုတ် စိစစ်ခံရန် လိုအပ်သော ကျွမ်းကျင်မှုများအပေါ် အခြေပြုထားပါသည်။ သင်သည် ပြည်နယ်တစ်ခုစီ နှင့် ဒေသတစ်ခုစီ၌ ရှိသော TAFE ကောလိပ်များအား ဆက်သွယ်ရန် အသေးစိတ်အချက်အလက်များကို သင့် အမှုတွဲလုပ်သား သို့မဟုတ် သင့်အား အဆိုပြုသူထံမှ ရရှိနိုင်ပါသည်။

## ဘွဲ့ကြိုသင်တန်း ကျောင်းသူကျောင်းသားတစ်ဦးအဖြစ် တက္ကသိုလ်တက်ခြင်း

ဩစတြေးလျား၌ အစိုးရ နှင့် ပုဂ္ဂလိက တက္ကသိုလ်များရှိပါသည်။ တက္ကသိုလ်များ၌ ဗဟိုအစိုးရ ထောက်ပံ့ကြေးဖြင့် တက်ရောက်ခွင့်များ နှင့် သင်တန်းကြေးအပြည့်ပေးပြီး တက်ရောက်ခွင့်များရှိပါသည်။ တက္ကသိုလ်အများစုသည် သင်တန်းများအပေါ် မူတည်၍ ဇန်နဝါရီလ/ဖေဖော်ဝါရီလ နှင့် ဇူလိုင်လ/ဩဂုတ်လ တွင် ကျောင်းသူကျောင်းသားများကို လက်ခံပါသည်။ အချို့တက္ကသိုလ်၌ နွေရာသီသင်တန်းများလည်းရှိပါသည်။ တက္ကသိုလ်တက်ရန် သင်၏ အင်္ဂလိပ်စာ နှင့် ယခင်က သင်ကြားခဲ့မှုများ၏ အဆင့်အတန်းတို့ကို ထင်ရှားစေရန် စာမေးပွဲအချို့ကို ဖြေဆိုနိုင်ရဖွယ်ရှိပါသည်။ ဘွဲ့သင်တန်းတွင် စာရင်းမသွင်းမီ ကောလိပ်၊ တက္ကသိုလ် အဆင့် ပေါင်းကူသင်တန်းများကိုလည်း တက်ရောက်ရန် လိုအပ်နိုင်ဖွယ်ရှိပါသည်။ ဩစတြေးလျား၌ တက္ကသိုလ်တက်ရန်မှာ ကုန်ကျစရိတ်ကြီးမားပါသည်။ သို့သော် ကျောင်းသူကျောင်းသားများအနေနှင့် သင်တန်းကြေးများကို စဦးပိုင်း၌ ကာမိရန် **"အဆင့်မြင့်ပညာရေး ချေးငွေ အစီအစဉ်" (Higher Education Loan Program – HELP)** ကို ရခွင့်ရှိကောင်းရှိနိုင်ပါသည်။ အကယ်၍ HELP အစီအစဉ်ကို ရယူအသုံးပြုလျှင် ကျောင်းသူကျောင်းသားများသည် သတ်မှတ်ထားသည့် အဆင့်တစ်ခုကို ကျော်လွန်သော ဝင်ငွေ စတင်ရှိလာလျှင် မိမိတို့၏ ပညာသင်စရိတ်ကို တစ်ဖြည်းဖြည်း ဖွဲ့ဆပ်သွားရပါသည်။ နောက်ထပ်သိကောင်းစရာ အချက်အလက်များအတွက [www.studyassist.gov.au](http://www.studyassist.gov.au)

## ဘွဲ့လွန်သင်တန်း ကျောင်းသူကျောင်းသားတစ်ဦးအဖြစ် တက္ကသိုလ်တက်ခြင်း

ပင်လယ်ရပ်ခြား၌ အောင်မြင်ရရှိခဲ့သော အရည်အချင်းများကို သင်တက်ရောက်လိုသည့် တက္ကသိုလ်မှ တရားဝင် အသိအမှတ်ပြုခံ ရယူရန် လိုအပ်ပါလိမ့်မည်။ "ပညာရေး နှင့် လေ့ကျင့်ရေးဌာန" (Department of Education and Training) သည် ပင်လယ်ရပ်ခြားမှ အလယ်တန်းလွန် ပညာရေး အရည်အချင်းများကို ဩစတြေးလျား၌ မည်ကဲ့သို့ အသိအမှတ်ပြုခံယူ ရရှိနိုင်ခြင်းအကြောင်း သိကောင်းစရာအချက်အလက်များကို ထုတ်ပေးပါသည်။ အချို့သော လက်မှုပညာလုပ်ငန်းများ သို့မဟုတ် အတတ်ပညာရှင်လုပ်ငန်းများသည် လူတစ်ဦး၏ အရည်အချင်းများအား ပြောင်းလဲပေးပြီး ဩစတြေးလျားစံချိန်မီ ဖြစ်စေရန်အတွက် "ပေါင်းကူး" သင်တန်းများကို စီစဉ်ပို့ချပေးပါသည်။ နောက်ထပ် သိကောင်းစရာ အချက်အလက်များအတွက် [www.internationaleducation.gov.au](http://www.internationaleducation.gov.au) ၌ ကြည့်ပြီး၊ "အရည်အချင်းများအား အသိအမှတ်ပြုရေး" ('Qualifications recognition') ကို ရှာပါ။

## လူမှုအဖွဲ့အစည်းသင်တန်းများကို တက်ခြင်း

လူမှုအဖွဲ့အစည်း ကောလိပ်များ၌ အချက်အပြုတ်၊ ဘာသာစကား၊ အကပညာ၊ ဓာတ်ပုံပညာ နှင့် အခြားသော ပညာရပ်များစွာတို့ကဲ့သို့ မိမိဝါသနာပါရာ သင်တန်းအမျိုးစုံကို ပို့ချပေးပါသည်။ ဤသင်တန်းများသည် တရားဝင် အရည်အချင်းများကို ပို့ချမပေးသော်လည်း ၎င်းတို့က သင့်အား အလုပ်ရရန် အထောက်အကူပြုပေးသော ကွန်ပျူတာသုံးနည်း သို့မဟုတ် စာရင်းကိုင်လုပ်နည်းကဲ့သို့သော အခြေခံ ကျွမ်းကျင်မှုများကို လေ့လာသင်ယူရာ၌ အသုံးကျပါသည်။ အလုပ်လျှောက်ရာ၌ အသုံးဝင်သည့် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်ရေးအား အထောက်အကူပြုနိုင်သော သင်တန်းများလည်းရှိပါသည်။ လူမှုအဖွဲ့အစည်း ပညာရေးသင်တန်းများအား ဒေသခံကျောင်းများ နှင့် ကောလိပ်များတို့၌ ညနေပိုင်း နှင့် စနေ၊ တနင်္ဂနွေတွင် ပို့ချပေးပြီး၊ ၎င်းသည် အခြားသူများနှင့် တွေ့ဆုံရန် နည်းလမ်းကောင်းတစ်ခုဖြစ်ပါသည်။ အချို့ပြောင်းရွှေ့အခြေချသူ အရင်းအမြစ်ဌာနများ နှင့် ပြောင်းရွှေ့အခြေချသူ ဝန်ဆောင်မှု အဖွဲ့အစည်းများသည်လည်း အင်္ဂလိပ်စာ၊ ကျန်းမာရေး၊ ကောင်းကျိုးသုခ နှင့် အခြားကျွမ်းကျင်မှုများဆိုင်ရာ သင်တန်းများကို စီစဉ်ပို့ချပေးပါသည်။

## မိသားစုတစ်စုလုံးအတွက် ပညာရေး

ဒေသခံ စာကြည့်တိုက်များသည် သိကောင်းစရာ အချက်အလက်များကို ရရှိနိုင်သည့် အလွန်ကောင်းသော ပင်ရင်းဖြစ်ပါသည်။ သင် စာကြည့်တိုက်၌ အခမဲ့ အဖွဲ့ဝင်နိုင်ပြီး စာအုပ်များ၊ မဂ္ဂဇင်းများ၊ ဗီဒီယိုများ နှင့် စီဒီများကို ငှားရမ်းနိုင်ပါသည်။ စာကြည့်တိုက်အများစု၌ အင်တာနက်ကို အခမဲ့အသုံးပြုနိုင်ပါသည်။ သင်သည် ကွန်ပျူတာကို ခဏတာအတွက်သာ သုံးနိုင်ခွင့်ရှိမည်ဖြစ်ပြီး ၎င်းကို ကြိုတင်စီစဉ်ထားရန် လိုအပ်နိုင်ဖွယ်ရှိပါသည်။ စာကြည့်တိုက် စည်းကမ်းများအား လိုက်နာရန် အရေးကြီးပြီး စာအုပ်များ နှင့် မဂ္ဂဇင်းများကို အချိန်မီ ပြန်အပ်ရပါသည် သို့မဟုတ်က ဒဏ်ကြေးအနည်းငယ် ဆောင်ရပါလိမ့်မည်။

## ကလေးထိန်းခြင်း

အကယ်၍ သင် အလုပ်လုပ်နေလျှင်၊ ပညာသင်နေလျှင်၊ လေ့ကျင့်ရေးသင်တန်းတက်နေလျှင်၊ သို့မဟုတ် နေ့အချိန်တွင် အချိန်ကာလတိုတစ်ခုအတွက် သင့်ကလေးငယ်များအား မကြည့်ရှုစောင့်ရှောက်နိုင်လျှင်၊ စိတ်ကြိုက်ရွေးချယ်နိုင်ရာ အချိန်ပြည့် နှင့် အချိန်ပိုင်း ကလေးထိန်းဌာနမျိုးစုံ အမြောက်အမြားရှိပါသည်။ သင့် အမှုတွဲလုပ်သား သို့မဟုတ် သင့်အား အဆိုပြုသူသည် သင့်လျော်ရာ ကလေးထိန်းဌာနကို ကူညီရှာဖွေပေးနိုင်ပါသည်။ ကလေးထိန်း ဝန်ဆောင်မှု အဖွဲ့အစည်းများ၊ ၎င်း၏စည်းမျဉ်းများ၊ ငွေကြေးအထောက်အပံ့၊ အထူးလိုအပ်ချက်များရှိသည့် ကလေးများအတွက် ဝန်ဆောင်မှုများ၊ ယဉ်ကျေးမှုနောက်ခံ ပေါင်းစုံရှိသည့် ကလေးများအတွက် ဝန်ဆောင်မှုများ တို့ဖြင့်ပတ်သက်ပြီး အစိုးရမှ ထုတ်ပြန်ထားသော သိကောင်းစရာအချက်အလက်များကို MyChild ဝက်ဘ်ဆိုက်မှ ရရှိနိုင်ပါသည်။ နောက်ထပ် သိကောင်းစရာ အချက်အလက်များအတွက် [www.mychild.gov.au](http://www.mychild.gov.au) ၌ ကြည့်ပါ။

*ပြန်လည်ပြင်ဆင် ထုတ်ဝေချက် (ဧပြီလ ၂၀၁၈ ခုနှစ်)*

Australian Government
Department of Social Services

ဩစတြေးလျားနိုင်ငံ လူမှုဝန်ဆောင်ရေးဌာန ၏
ကိုယ်စား အပြည်ပြည်ဆိုင်ရာ ပြောင်းရွှေ့နေထိုင်ရေးရာ အဖွဲ့အစည်း
မှ ပို့ချပေးသည်။

IOM • OIM